ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၁၉/၂၀၁၇)

| | |
|---|---|
| ဦးဝေဇော်ထွန်း(ပါ ) အလုပ်သမား (၁၈)ဦး<br>အမှတ်(၁)သစ်ပါးလွှာစက်ရုံ<br>အိုးဘိုတောင်ရပ်၊ မုံရွာမြို့။ | လျှောက်ထားသူများ |
| နှင့် | |
| ဦးခင်မောင်ဝင်း (ဒါရိုက်တာ)<br>Prime Pacific Co.,Ltd၊<br>အမှတ်(၁)သစ်ပါးလွှာစက်ရုံ<br>အိုးဘိုတောင်ရပ်၊ မုံရွာမြို့။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၀ ရက်

**ဆုံးဖြတ်ချက်**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အိုးဘိုတောင်ရပ်ရှိ အမှတ်(၁)သစ်ပါးလွှာစက်ရုံ၊ Prime Pacific Co.,Ltd၊ ဦးခင်မောင်ဝင်း (ဒါရိုက်တာ)နှင့် ဦးဝေဇော်ထွန်း(ပါ ) အလုပ်သမား(၂၀)ဦးတို့ကြားဖြစ်ပွားသော အငြင်းပွားမှုကို မုံရွာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၃/၂၀၁၇)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ မတ်လ၊ ၉ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးဝေဇော်ထွန်း(ပါ ) အလုပ်သမား (၂၀)ဦးတို့မှ တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ရပ်စဲခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူများမှ အောက်ပါကောက်ချက်အမှတ် (၁)ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်း ဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်ရပ်စဲခံရသော မောင်ဝေဇော်ထွန်း(ပါ )အလုပ်သမား (၂၀) ဦးမှ အလုပ်ပြန်လည်ရရှိလိုသဖြင့် တောင်းဆိုခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဦးဝေဇော်ထွန်း(ပါ )အလုပ်သမား(၂၀)ဦးအား နို့တစ်ကြေး(၁) လစာနှင့် နစ်နာကြေးနှုန်းထားအတိုင်း ၎င်းတို့၏ အခြေခံလုပ်ခ လစာအပေါ် (အချိန်ပိုကြေးမပါ) အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်(၈၄/၂၀၁၅) အရ သတ်မှတ်ထားသော အလုပ်ရပ်စဲနစ်နာကြေးနှုန်းထားများ အတိုင်း တွက်ချက်၍ အလုပ်ရပ်စဲနစ်နာကြေး အလုပ်ရှင်မှပေး ဆောင်ရန် ဆုံးဖြတ်လိုက်သည်။

၅။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၃/၂၀၁၇) ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်သမားများဘက်မှ ခုံသမာဓိကောင်စီသို့ အယူခံ လျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၁၉/၂၀၁၇) အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးအောင်သန်း၊ အလုပ်ရှင် ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ အလုပ်သမား ကိုယ်စားလှယ် ဦးနေမင်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံသမာဓိကောင်စီ ခုံအဖွဲ့မှအမှုတွဲကို လက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးတွင် နှစ်ဖက်ထွက်ဆိုချက်မှတ်တမ်းများ၊ ခုံသမာဓိအဖွဲ့ရှေ့မှောက်တွင် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ်အခြေခံ၍ စိစစ်လေ့လာ သုံးသပ် ခဲ့သည်။ ထို့ပြင် အငြင်းပွားမှုတွင်ပါဝင်သည့် အလုပ်သမားနှင့် အလုပ်ရှင်တို့အား ခုံသမာဓိ ကောင်စီ၊ ခုံအဖွဲ့ရှေ့မှောက်သို့ ဆင့်ဆိုစစ်ဆေးမေးမြန်းမှုများမှရရှိသည့် ထွက်ဆိုတင်ပြချက် များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်အမှတ်(၁)ကို ရေးဆွဲချမှတ်ခဲ့သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်ရပ်စဲခြင်းခံရသော မောင်ဝေဇော်ထွန်း (ပါ ) အလုပ်သမား (၁၈)ဦးမှ အလုပ်ပြန်လည်ရရှိလိုသဖြင့် တောင်းခံခြင်း။

**တွေ့ရှိချက်**

၇။ Prime Pacific Co.,Ltd အမှတ်-(၁)သစ်ပါးလွှာစက်ရုံတွင် သစ်လုံးကုန်ကြမ်းရရှိရန် အခက်အခဲကြောင့် အလုပ်သမား (၂၀)ဦးအား ၁၄-၂-၂၀၁၇ ရက်နေ့မှစ၍ လျှော့ချသွားမည်ဖြစ်ကြောင်းအသိပေးရာမှ စတင်ဖြစ်ပွားသည့်အမှုဖြစ်ပါသည်။ ထိုသို့အသိပေးသည်ကို မောင်ဝေဇော်ထွန်း တစ်ဦးတည်းက လက်မှတ်ရေးထိုး၍ မုံရွာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ ဆောင်ရွက်ပေးရန် တိုင်ကြားခဲ့ပါသည်။ တိုင်ကြားစာပါအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လုပ်သားအင်အားလျှော့ချသည့် (၂၀)ဦးတွင် (၁၇)ဦးမှာ အစည်းအရုံးဝင်များ ခေါင်းဆောင်များဖြစ်ကြသဖြင့် အဖွဲ့အစည်းမှတ်ပုံတင်ရရှိရေးနှင့် အလုပ်ပြန်လည် ရရှိရေး၊

(ခ) ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အများပြည်သူအလုပ်ပိတ်ရက်ကို လုပ်ခလစာပြည့်ဖြင့် ခံစားခွင့်မရှိ၍ နစ်နာမှုအတွက်ဖြေရှင်းပေးရန်၊

(ဂ) ခွင့်ရက်များခံစားခွင့်ပြုရေး၊ အလုပ်ချိန်ကို တရားဝင်သတ်မှတ်ခံစားခွင့်ရရှိရေး၊ သန့်စင်ခန်းမီးလင်းစေရေး၊ လုပ်ငန်းညှိနှိုင်းရေးကော်မတီဖွဲ့စည်းဆောင်ရွက်ရေး၊ ဘီးစတင်းလိုအပ်ချက်အားဆောင်ရွက်ပေးရန်၊ ထုတ်ကုန်ပုံမှန်ထုတ်လုပ်နိုင်ရန် လူအင်အားလျှော့နည်းပါက အဆင်ပြေအောင်ဖြည့်တင်းပေးရန်နှင့် အခြားစက်ရုံများနည်းတူ အခြားအခွင့်အရေးများရရှိစေရန် လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်မြင့်မြင့်ထွန်း၊ ဦးစီးအရာရှိ ဦးအောင်ဆန်းမြင့်နှင့် ဦးစီးအရာရှိ ဦးဇော်သန်းတင့် တို့ရှေ့မှောက်တွင် ၂-၁၂-၂၀၁၆ ရက်နေ့က ချုပ်ဆိုသည့်စာချုပ်နှင့်အညီ လိုက်နာစေရေးဆောင်ရွက်ရန်၊

၈။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ၁၆-၂-၂၀၁၆ ရက်နေ့နှင့် ၁၈-၂-၂၀၁၆ ရက်နေ့များတွင် ညှိနှိုင်းဖျန်ဖြေခဲ့ပါသည်။ အလုပ်သမားအဖွဲ့အစည်းမှတ်ပုံတင်ရရှိရေးအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဆောင်ရွက်ခြင်းခွင့်ရက်နှင့် အလုပ်ပိတ်ရက်ခံစားခွင့်အတွက် ဥပဒေကိုစည်းကြပ်သော အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ လွှဲအပ်ခြင်း၊ လုပ်ငန်းညှိနှိုင်းရေးကော်မတီဖွဲ့စည်းဆောင်ရွက်ရန်အတွက် အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သွားမည်ဟုဖော်ပြလျှက် လုပ်သားအင်အားလျှော့သည်ကိစ္စ အတွက်ကိုသာ ခုံသမာဓိအဖွဲ့သို့ အမှုတွဲလွှဲပြောင်းပေးပို့ခဲ့ပါသည်။

၉။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ အလုပ်သမားများဘက်မှ တောင်းဆိုလွှာတင် ပြရာတွင် ဥက္ကဋ္ဌ၊ အခြေခံအလုပ်သမားအဖွဲ့အစည်းတံဆိပ်တုံးရိုက်နှိပ်၍ လက်မှတ်ရေးထိုးတင်

ပြခဲ့ပါသည်။ အလုပ်ရှင်၏ အလုပ်ထုတ်လျှော့ခြင်းမှာ အများလက်ခံထားသော မူဘောင်များကို အသုံးမပြုဘဲ အလုပ်သမားအဖွဲ့အစည်းအား တမင်ရည်ရွယ်ချက်ရှိရှိ ဖြိုခွင်းနေခြင်းဖြစ်ကြောင်း၊ အလုပ်သမားအဖွဲ့အစည်းအား အကာအကွယ်ပေးရန်နှင့် အလုပ်ထုတ်လျှော့ခံရသော အလုပ်သမားများအား အမိကအားဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန်အချက်များပါရှိပါသည်။ ထို့ပြင် ခုံသမာဓိအဖွဲ့တွင် အလုပ်သမားဘက်ကထွက်ဆိုရာ၌ အလုပ်သမား(၂၀)ဦးထုတ်ပြီးမှ ညဆိုင်း(၂)ဆိုင်းထပ်ခွဲ လုပ်ကိုင်ကြောင်း၊ အလုပ်သမားများအနေဖြင့် အလုပ်လုပ်လိုကြောင်း၊ ထုတ်သင့်သည့်သူကိုသာ ဥပဒေအတိုင်း အလုပ်ထုတ်သွားစေလိုကြောင်း စသောအချက်များပါရှိပါသည်။ အလုပ်သမားများ၏ ကိုယ်စားလှယ်လွှဲစာမပါရှိဘဲ ဦးဝေဖော်ထွန်းနှင့် ဒေါ်အိအိအောင်တို့က ကျန်အလုပ်သမား (၁၈)ဦးအတွက်ပါ ထွက်ဆိုခဲ့ခြင်းဖြစ်ပါသည်။

၁၀။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ပို့သည့် အလုပ်သမားများ၏ တောင်းဆိုလွှာကို အလုပ်ရှင်ကချေပသည့်စာတွင် အလုပ်ရှင်ဘက်၌ အစည်းအရုံးဝင်စာရင်းမရှိသကဲ့သို့ မည်သူများအဖွဲ့အစည်းဝင်ဖြစ်သည်ကို မသိကြောင်း၊ အလုပ်ရှင်နှင့်အမိကဆက်ဆံရေးမပြေပြစ်ခြင်း၊ ခွင့်မဲ့ပျက်ကွက်ခြင်း၊ ခွင့်အကြိမ်ကြိမ်ယူခြင်း စသည့်စည်းကမ်းဖောက်ဖျက်သည့် လုပ်သားများကိုရွေးချယ်ထုတ်ပယ်ကြောင်း၊ သစ်လုံးကုန်ကြမ်းရှားပါးပြီး၊ သစ်လုံးဈေးကြီးမြင့်ခြင်းကြောင့် အင်အားလျှော့ချခြင်းဖြစ်ကြောင်းဖော်ပြခဲ့ပါသည်။ ခုံသမာဓိအဖွဲ့တွင် အလုပ်ရှင်ကထွက်ဆိုရာ၌ လူမှုဖူလုံရေးဆေးခွင့်ယူကြကြောင်း၊ မလုပ်ရန်ပြောထားပါလျက် ရုံးခန်းဘေး၌ထမင်းစားခြင်း၊ အသုပ်များမှာယူစားသောက်ခြင်း၊ ရပိုင်ခွင့်ရှိသည်ဟုဆိုပြီး ခွင့်များယူကြကြောင်း၊ လုပ်သက်ရင့်သူများမှာ အလုပ်ကိုစိတ်ဝင်စားမှုမရှိကြကြောင်း၊ အလုပ်သမားများဘက်က တင်ပြသည့်တောင်းဆိုလွှာတွင် ရိုက်နှိပ်ထားသည့် အခြေခံအလုပ်သမားများအဖွဲ့အစည်းဆိုသောအချက်မှာ ခွင့်ပြုချက်မရရှိသေးဘဲ သုံးစွဲထားခြင်းဖြစ်ကြောင်း၊ အလုပ်ထုတ်နို့တစ်စာပေးထားခြင်း မရှိကြောင်း စသည့်အချက်များပါရှိပါသည်။

၁၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၃/၂၀၁၇)တွင် ချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို အလုပ်သမားများဘက်ကမကျေနပ်၍ ခုံသမာဓိကောင်စီသို့ လျှောက်ထားရာတွင် အလုပ်သမားအဖွဲ့အစည်းအား ရည်ရွယ်ချက်ရှိရှိဖြင့် ဖြိုခွဲနေ၍ အလုပ်သမားများအား ပြန်လည်ခန့်အပ်ရန် တောင်းဆိုထားပါသည်။

၁၂။ အလုပ်သမား(၂၀)ဦးအား အလုပ်ထုတ်လျှော့ခြင်းမပြုမီက အလုပ်သမား ကျား(၆၆)ဦးနှင့် မ(၁၁၇)ဦး၊ စုစုပေါင်း (၁၈၃)ဦး ဤစက်ရုံ၌ရှိခဲ့ပါသည်။

၁၃။ ခုံအဖွဲ့မှ အမှုစစ်ဆေးရာတွင် အလုပ်သမား ဦးဝေဖော်ထွန်းနှင့်ဦးနွေဦးတို့တက်ရောက်ခဲ့ကြပါသည်။ အလုပ်သမား (၂၀)ဦးလက်မှတ်ရေးထိုးထားသည့် မိတ္တူစာရွက်ကို တင်ပြကြပါ

သည်။ ကိုယ်စားလှယ်လွှဲအပ်ကြောင်း အထောက်အထားအပြည့်အစုံကို လိုအပ်သည့်အထောက်အထားဖြင့် အမှုလာရောက်ရင်ဆိုင်ရန် ယင်းတို့အား ပြောကြား၍ထပ်မံချိန်းဆိုခဲ့ပါသည်။

၁၄။ ခုံအဖွဲ့မှ စစ်ဆေးချက်အရ အမှုတွဲပါ လျှောက်ထားသူအလုပ်သမား(၂၀)ဦးမှ အလုပ်သမား ဒေါ်ဖြူဝင်းနှင့် ဒေါ်အေးသီတို့သည် အလုပ်ရှင်ကတွက်ချက်ပေးသည့် နို့တစ်ကြေးနှင့် အလုပ်ထုတ်နစ်နာကြေးများကို ရယူခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ထိုသူ(၂)ဦး အားချန်လှပ်၍ ဆောင်ရွက်ရန်အခြေအနေပေါ်ပေါက်ပါသည်။

၁၅။ အလုပ်ရှင်သည် ယခု(၁၈)ဦးအား အလုပ်မရပ်စဲမီက အလားတူကိစ္စရပ်မျိုးဖြင့် အလုပ်သမား(၅၀)ဦးအား အလုပ်မှရပ်စဲခဲ့ပါသည်။ ထိုရပ်စဲမှုတွင် (၄၈)ဦးက အလုပ်ရှင်ပေးသည့် နို့တစ်ကြေးနှင့် အလုပ်ထုတ်နစ်နာကြေးများကို လက်ခံရယူခဲ့ပါသည်။ ကျန်(၂)ဦးက ခုံသမာဓိအဖွဲ့သို့ဆက်လက်တက်ရောက်ခဲ့ပါသည်။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အရ လိုက်နာဆောင်ရွက်ပြီးစီးသည်ဟု သိရပါသည်။

၁၆။ ခုံအဖွဲ့တွင် စစ်မေးချက်အရ အလုပ်သမားများက အလုပ်ရှင်တင်ပြသည့်စာရင်းပါ အလုပ်သမားများထဲမှအသက်ကြီးသူ၊ လုပ်သက်နည်းသူနှင့် ကျန်းမာရေးမကောင်းသူများကို ဦးစားပေး၍ အလုပ်မှရပ်စဲသင့်ကြောင်း ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့တွင် တင်ပြခဲ့သည်ဟုထွက်ဆိုခဲ့ပါသည်။ အမှုတွဲပါစာရွက်စာတမ်းများတွင် ထိုသို့ပြောဆိုခဲ့မှု တင်ပြခဲ့မှုရှိကြောင်း မတွေ့ရှိရပါ။

**သုံးသပ်ချက်**

၁၇။ မျက်မှောက်ကာလ၌ အကြောင်းကြောင်းကြောင့် (ဥပမာ ကုန်ကြမ်းရှားပါးခြင်း၊ သဘာဝဘေးဒဏ်ကြောင့် စက်ရုံ၏တစ်ဝက်တစ်ပျက်ပျက်စီးခြင်း၊ စီးပွားရေးတွက်ချေမကိုက်၍ ထုတ်လုပ်မှုလျှော့ချခြင်း၊ သို့မဟုတ် ထုတ်လုပ်မှုအစိတ်အပိုင်းအချို့ရပ်နားခြင်း၊ ကုန်ထုတ်လုပ်မှုအတွက် ခေတ်မီစက်သစ်များတပ်ဆင်ခြင်းနှင့် လုပ်ငန်းဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းခြင်း စသောအကြောင်းများကြောင့်) အလုပ်သမားများအား အလုပ်မှရပ်စဲမှုများ ပေါ်ပေါက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ကိစ္စပေါ်ပေါက်လျှင် အလုပ်ရှင်နှင့်အလုပ်သမားတို့ ပွင့်လင်းစွာဆွေးနွေး၍ ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်းကို နှစ်ဦးနှစ်ဖက်အချင်းချင်း နားလည်မှုရရှိရေး ဦးစွာဆောင်ရွက်သင့်ပါသည်။ ထိုသို့ နားလည်မှုရရှိလျှင် တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသည့်အဖွဲ့အစည်းတွင် နှစ်ဖက်စုပေါင်းသဘောတူညီချက်ရရှိရန် စတင်ဆွေးနွေးသင့်ပါသည်။ ထိုသို့ဆွေးနွေးရာ၌ လျှော့ချသင့်သည့်အင်အားအတိသာ လျှော့ချရေးနှင့် လျှော့ချသင့်သူများကိုသာ ဦးစားပေးလျှော့ချရေးတို့ကို အဓိကထားဆွေးနွေးရန် လိုအပ်ပါသည်။ ထိုသို့

ဆွေးနွေးရာတွင် အလုပ်သမားများအား စီမံခန့်ခွဲရန်တာဝန်ရှိသည့် အလုပ်ရှင်က အချက်အလက်အပြည့်အစုံ စတင်တင်ပြမှုအပေါ်အခြေခံ၍ ဆောင်ရွက်ရန်လိုအပ်ပါသည်။ အလုပ်သမားအင်အားလျှော့ချခြင်းကို ဖော်ပြပါအတိုင်း ဆောင်ရွက်နိုင်ကြရန် ကြိုးပမ်းသင့်ကြပါသည်။ ထိုသို့ဆောင်ရွက်၍ မပြေလည်မှသာ အထက်အဆင့်ဆင့်သို့ ဆက်လက်တင်ပြဆောင်ရွက်သင့်ပါသည်။

၁၈။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က နိုင်ငံတော်၏သစ်ထုတ်လုပ်မှုရပ်နားသည့် မူဝါဒအရ လုပ်ငန်း၏အခြေအနေပေါ်မူတည်၍ လုပ်သားအင်အားလျှော့ချခဲ့ကြောင်း၊ စက်ရုံကုန်ထုတ်လုပ်မှုပမာဏနှင့် အလုပ်သမားများ အလုပ်ခွင့်တည်မြဲခွင့်အားစိစစ်ပြီး၊ မဖြစ်မနေလျှော့ချရမည့်အင်အားကိုသာ လျှော့ချသင့်ကြောင်းနှင့် အင်အားလျှော့ချရာတွင် မည်သည့်အချက်များအပေါ်အခြေခံ၍ အလုပ်သမားခေါင်းဆောင် သို့မဟုတ် သက်ဆိုင်သည့်အလုပ်သမားအများစုအား ရှင်းလင်းလုပ်ဆောင်သင့်ကြောင်း သုံးသပ်သော်လည်း ဆုံးဖြတ်ရာ၌ ဦးဝေဖော်ထွန်း(ပါ )အလုပ်သမား (၂၀)ဦးအား နို့တစ်ကြေးနှင့် အလုပ်ထုတ်နစ်နာကြေးပေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၁၉။ လုပ်သားအင်အားလျှော့ချခံရမှုအတွက် အလုပ်သမားများက တိုင်ကြားရာတွင် အလုပ်သမားအဖွဲ့အစည်းမှတ်ပုံတင်ရရှိရေး၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ခံစားခွင့်များရရှိရေးနှင့် အလုပ်သမားဆိုင်ရာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်(၃)ဦး၏ ရှေ့မှောက်တွင်လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်ပါအချက်များရရှိရေး စသည့်များလည်းပါဝင်နေပါသည်။ ထို့ပြင် တမင်ရည်ရွယ်ချက်ရှိရှိ အလုပ်သမားအဖွဲ့အစည်းအား ဖြိုခွင်းနေကြောင်းလည်းပါဝင်ပါသည်။ ထိုအချက်များမှာ အလုပ်သမားများ၏ ခံစားချက်များကိုဖော်ပြရာရောက်သော်လည်း အမှုနှင့်သက်ဆိုင်ကြောင်းတင်ပြထားမှုမရှိပါ။ သက်ဆိုင်ရာဦးစီးဌာနများသို့ တင်ပြဆောင်ရွက်ရန်ဖြစ်ကြောင်းသုံးသပ်ပါသည်။ အလုပ်သမားများ အလုပ်ထုတ်ခံရသည့်အမှုတွင် အလုပ်သမားအဖွဲ့အစည်းကိုဖြိုခွင်းသည်ဟု ထည့်သွင်းဆောင်ရွက်ခြင်းမျိုးပြုလုပ်ရန် မသင့်ပါ။ ထို့ပြင် သက်ဆိုင်ရာဦးစီးဌာနများက သိရှိသော်လည်း အချိန်မီဖြေရှင်းဆောင်ရွက်ခြင်း မရှိသောကြောင့်သာ အလုပ်သမားများက ယခုကဲ့သို့ ထည့်သွင်းတောင်းဆိုခဲ့ခြင်းဟု သုံးသပ်ပါသည်။

၂၀။ အလုပ်ရှင်၏ချေပလွှာအရ မည်သူကို မည့်သည့်အချက်များကြောင့် လျှော့ချကြောင်း ဖော်ပြထားမှုရှိပါသည်။ ထိုအချက်ကို အလုပ်သမားဘက်က တစ်စုံတစ်ရာဖြေရှင်းတင်ပြခြင်းမျိုးမရှိခဲ့ပါ။ ထုတ်သင့်သူများကိုသာ ဥပဒေအတိုင်းထုတ်သင့်ကြောင်းသာ အလုပ်သမားများဘက်က ထွက်ဆိုခဲ့ပါသည်။ အခြားအချက်အလက်များကို တင်ပြထားခြင်းမရှိခဲ့သဖြင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့တွင် အလုပ်သမားဘက်က ထွက်ဆိုခဲ့သည့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့်

ခုံသမာဓိအဖွဲ့တွင် အလုပ်သမားများတင်ပြခဲ့သည့် အသက်ကြီးသူ၊ လုပ်သက်နည်းသူနှင့် ကျန်းမာရေးမကောင်းသူများကို ဦးစားပေးရပ်စဲသင့်သည်ဆိုသောအချက်ကို ထည့်သွင်း စဉ်းစားရန်အခက်အခဲရှိပါသည်။

၂၁။ အလုပ်ရှင်ဘက်မှ သစ်လုံးကုန်ကြမ်းရှားပါးပြီး၊ သစ်လုံးဈေးကြီးမြင့်လာခြင်းတို့ကြောင့် လုပ်သားအင်အားလျှော့ချရကြောင်း တင်ပြချက်မှာ နိုင်ငံတွင်းသစ်လုံးဆိုင်ရာဖြစ်ပွားမှုအခြေ အနေမှန်ဖြစ်ပါသည်။ ယင်းအခြေအနေကြောင့် ယခုလုပ်သားအင်အားလျှော့ချမှုမတိုင်မီက အလုပ်သမား (၅၀)ဦးအား အင်အားလျှော့ချခဲ့မှုရှိခဲ့ရာ မှန်ကန်သည်ဟုလက်ခံနိုင်ပါသည်။ တစ်နိုင်ငံလုံးတွင် သစ်လုံးရှားပါးမှုကြောင့် သစ်နှင့်ဆိုင်သောစက်ရုံများတွင် အလုပ်သမား အင်အားလျှော့ချမှုများပေါ်ပေါက်နေပါသည်။ အလုပ်သမား၏ လုပ်ဆောင်ချက်ကြောင့်လည်း မဟုတ် အလုပ်ရှင်ဖန်တီးသည့် ကိစ္စရပ်လည်းမဟုတ်သည့် သစ်လုံးရှားပါးမှုကို အကြောင်းပြု၍ အလုပ်သမားအင်အားလျှော့ချရာတွင် မိမိတို့အား မလျှော့ချသင့်ဟု အလုပ်သမားများဘက်က ပြည့်ပြည့်စုံစုံတင်ပြနိုင်မှုမရှိဟု သုံးသပ်ပါသည်။ သို့ဖြစ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက် သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၃/၂၀၁၇)ပါ ဆုံးဖြတ်ချက်ကို အတည်ပြုသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၂၂။ အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

| | | |
|---|---|---|
| ဦးမောင်မောင်ဝင်း | ဦးအောင်သန်း | ဦးနေမင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |